စံတစ်ခုအဖြစ် သတ်မှတ်လာခဲ့ကြသည်။

အရပ်ဘက်အဖွဲ့အစည်းများသည် အလယ်အလတ်-သက်တမ်းရှိ စီမံကိန်းရည်ရွယ်ချက်နှင့် အဖွဲ့အစည်း၏ မစ်ရှင်တို့ဖြင့် ရပ်တည်မှု အသားကျလာသည်နှင့်အမျှ သွယ်ဝိုက်ကုန်ကျစရိတ်ကို ကျခံရမည့် စိန်ခေါ်မှုများသည် မန်နေဂျာများ၏ ခေါင်းထဲတွင် တဝဲလည်လည် ရှိနေသည်။ ရံဖန်ရံခါ ထိုစိန်ခေါ်မှုသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ အလှူရှင်များ၊ ငွေကြေး အထောက်အပံ့ပေးသူများအကြား ဆက်ဆံရေးကို ပြန်လည် ပုံဖော်လျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် ပြန်လည်ပြင်ဆင်သော LIFT[၆]၏ လုပ်ငန်းလည်ပတ်မှု လမ်းညွှန်ချက်အရ "မိတ်ဖက်ပြုမှုနှင့် အကျိုးတူပူးပေါင်းမှု လုပ်ငန်းများတွင် ၎င်းတို့အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းအတွက် ကုန်ကျစရိတ်စုစုပေါင်း၏ ၆ ရာခိုင်နှုန်း (သွယ်ဝိုက်ကုန်ကျစရိတ် ၆%)ကို လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သော ပြည်တွင်းအဖွဲ့အစည်းများအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများမှ ဝေမျှ ရယူရမည်" ဟု ကြေညာလာသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင်၊ LIFT ၏ ပံ့ပိုးမှုဖြင့် အသေးစားငွေကြေးထောက်ပံ့မှု သုံးခုကို စတင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အတော်များများသော အရပ်ဘက်အဖွဲ့ အစည်းလေးများမှ ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်များကို စတင်ရရှိလာကြသည်။ ဤသို့အားဖြင့် အရပ်ဘက်အဖွဲ့အစည်းများမှ ထိုဝင်ငွေကို မည်သို့ သုံးစွဲရန် ရထားပုံနှင့် အလှူရှင် အဖွဲ့အစည်းများ၏ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ အလေ့အကျင့်ပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာရန် အခွင့်အရေးတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများ(အနည်းငယ်သော)၏ အမြင်အရ နိုင်ငံတကာငွေကြေးအထောက်အပံ့ များကို ရရှိရန် လုပ်ထုံးလုပ်နည်းများသည် ပိုမိုရှုပ်ထွေးလာလျက်ရှိသည်။ ဤစာအုပ်တွင် ငွေကြေး အထောက်အပံ့ပေးသူနှင့် ငွေကြေးအထောက်အပံ့အား ကိုင်ဆောင်သူဟူသော စာလုံးများကို တိုက်ရိုက်စာချုပ်ချုပ်၍ အလုပ်လုပ်နေသော မိတ်ဖက်များကို ဖော်ပြရာတွင် အသုံးပြုသည်။

၆။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

# ၂.၀ ဤစစ်တမ်းကောက်ယူမှု

ဤစစ်တမ်းကောက်ယူမှုဖြင့် အဓိကမေးခွန်း[၇] ၃ ခုကို ဖြေရန် ကြိုးစားထားသည်။

- အရပ်ဘက်အဖွဲ့အစည်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များ (ယေဘုယျအားဖြင့် အကန့်အသတ်မရှိသော ရန်ပုံငွေများ) ကို မည်သည့်နေရာတွင် သုံးစွဲရန် လျာထားပါသနည်း။*အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ကိုယ်ပိုင် အကန့်အသတ်မရှိသော ထောက်ပံ့ငွေ (သို့မဟုတ် ပင်မကုန်ကျစရိတ်များ) အတွက် ပေါ်လစီ ရှိသင့်သည်ဟု ထင်ပါသလား (ရှိရန် လိုအပ်သည်ဟု ထင်ပါသလား)။*

- အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ထိုသို့စီမံသုံးစွဲယာထားရန် ဆုံးဖြတ်ချက်အား မည်ကဲ့သို့သော လမ်းစဉ်များကို အသုံးပြု၍ ချမှတ်ပါသနည်း။ *သွယ်ဝိုက်ကုန်ကျစရိတ်များသည် အရပ်ဘက်အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ တာဝန်ခံမှု သို့မဟုတ် ဘဏ္ဍာရေးစီစဉ်မှုတို့တွင် ထပ်ပေါင်း အားကောင်းစေသော တန်ဖိုးတစ်ခု ဖြစ်သလား။*

- ဤသို့ စီမံသုံးစွဲရန် ဆုံးဖြတ်ချက်၊ လမ်းစဉ်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် အကြားအလားအလာရှိသော ပတ်သက်ဆက်စပ်မှုများ ရှိနိုင်ပါသလား။ *စွမ်းဆောင်ရည် တိုးတက်လာမှု သည် သွယ်ဝိုက်ကုန်ကျစရိတ်များကို လက်ခံရရှိခြင်းနှင့် စီမံဆောင်ရွက်ခြင်း၏ တိုက်ရိုက် အကျိုးဆက်လား။*

ဤစစ်တမ်းကို မတ်လ၊ ၂၀၁၈ ခုနှစ်နှင့် နိုဝင်ဘာလ၊ ၂၀၁၈ ခုနှစ်တို့တွင် နှစ်ပိုင်းခွဲ၍ ဖြစ်ပြီး နောက်ဆက်တွဲမေးခွန်းငါးခုလည်း ပါဝင်မည် ဖြစ်သည်။ ဤစာအုပ်တွင် မြို့နယ်အဆင့် အရပ်ဘက်အဖွဲ့အစည်း ၃၆ ခုတို့ဖြင့် ဆွေးနွေးထားသော အပိုင်း ၁ ၏ ရလဒ်များကို အစီရင်ခံထားသည်။ အချို့နေရာများ၌ ပထမပိုင်းသည် မေးခွန်းအသစ်များသကဲ့သို့ တိကျသော တွေ့ရှိချက်များကိုလည်း တွေ့ရှိရလိမ့်မည်။ စစ်တမ်း၏ ဒုတိယပိုင်းသည်

၇။ အရပ်ဘက် အဖွဲ့အစည်းဆိုင်ရာ အကြံပေးသူ၏ လုပ်ငန်းတာဝန်ဖော်ပြချက် (LIFT စက်တင်ဘာလ၊ ၂၀၁၇)

အရပ်ဘက် အဖွဲ့အစည်းနမူနာ ၈၀ခန့် ပါရှိမည်ဖြစ်ပြီး ပထမပိုင်းမှ ကနဦးတွေ့ရှိချက်များကို ဆန်းစစ်ရန် ပြန်လည်ဒီဇိုင်းဆွဲထားသည်။ ဒုတိယပိုင်းတွင် နောက်ဆက်တွဲ လေ့လာရမည့် မေးခွန်းများကိုလည်း ဖော်ထုတ်ပါမည်။

၃၆ ခုသော အရပ်ဘက် အဖွဲ့အစည်းများအားလုံးသည် တောင်ပေါ်မြို့နယ်ရန်ပုံငွေ၏ ငွေကြေး အထောက်အပံ့ရရှိသူများအဖြစ် ကချင်၊ ချင်း၊ ကယားနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင် လုပ်ငန်းအကောင်အထည်ဖော်နေသူများ ဖြစ်ကြသည်။ ထိုတောင်ပေါ်မြို့နယ် ရန်ပုံငွေကို LIFTမှ ထောက်ပံ့ ပေးထားသည်။ ငွေကြေးအထောက်အပံ့ပေးသူ (ရန်ပုံငွေဆိုင်ရာ အကျိုးဆောင်) သည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အုပ်စုလိုက် အကျိုးတူ၊ ပူးပေါင်း ဆောင်ရွက်သော (Consortium) အဖွဲ့အစည်း[၈] ဖြစ်သည်။

စစ်တမ်းအတွက် သတင်းအချက်အလက်ပေးသူများသည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ရောက်လျှင် အနည်းဆုံး ၃ လ ငွေကြေးအထောက်အပံ့ ရရှိထားသော ငွေကြေးအထောက်အပံ့ ရရှိသူများ ဖြစ်ကြသည်။ ဆွေးနွေးအကြံပြုချက်များကို ရန်ပုံငွေ၏ မြို့နယ်အဆင့် ကွင်းဆင်းလှုပ်ရှား နေကြသော အဖွဲ့များမှ ဝိုင်းဝန်း ဆောင်ရွက်ပေးထားသည်။ မတ်တ်နှင့် ရွှေသည် ဆန်းစစ်လေ့လာချက်ကို ဒီဇိုင်းဆွဲကာ စမ်းသပ်ထားသည်။ ဆွေးနွေးမှုများ မပြုလုပ်မီ၌လည်း ကွင်းဆင်းလှုပ်ရှားနေသော အဖွဲ့များနှင့် စစ်တမ်းအား အကျွမ်းတဝင်ရှိစေရန် နေ့တဝက်ခန့် အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသေးသည်။

စာအုပ် - နောက်ဆက်တွဲများ

နောက်ဆက်တွဲ က - သွယ်ဝိုက်ကုန်ကျစရိတ်အပေါ် ရှင်းလင်းဖော်ပြချက်များ

နောက်ဆက်တွဲ ခ - မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများမှ ရေးဆွဲထားသော သွယ်ဝိုက် ကုန်ကျစရိတ်အပေါ် ငွေကြေးထောက်ပံ့မှုပေါ်လစီနှင့်ဆိုင်သော ဇယားကွက်

နောက်ဆက်တွဲ ဂ - The survey template.

၈။ GRET၊ မေတ္တာဖောင်ဒေးရှင်း၊ SWISSAID

ဤသွယ်ဝိုက်ကုန်ကျစရိတ်များကို သင်၏ စီမံကိန်းရန်ပုံငွေများမှ ခွဲခြားထားပါသလား။

| အတူတကွ | ခွဲခြားခြင်းဖြင့် | ခွဲခြားခြင်းဖြင့် | ခွဲခြားခြင်းဖြင့် |
|---|---|---|---|
| စီမံကိန်းရန်ပုံငွေများနှင့်အတူ ထားသည် | ဘဏ်စာရင်းခွဲခြားထားသည် | ငွေစာရင်းခွဲခြားထားသည် | မီခံသတ္တုသီးသန့်၊ ငွေသေတ္တာသီးသန့်စီ ထားသည် |
| ၁၂ | ၇ | ၁၂ | ၉ |

၃.၄။ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွယ်ဝိုက်ကုန်ကျစရိတ်များအတွက် ဝင်ငွေကို မည်သို့ ကိုင်တွယ်နေသနည်း။

ဤလေ့လာမှုတွင်ပါဝင်သော အရပ်ဘက်အဖွဲ့အစည်းများအတွက် အထွေထွေကုန်ကျစရိတ်များကို ရရှိခြင်းသည် ၎င်းတို့အတွက် ပထမဆုံး အတွေ့အကြုံ ဖြစ်သော်လည်း ယင်းအဖွဲ့အစည်းအများစုသည် ထိုဝင်ငွေကို ချက်ချင်းဆိုသလိုပင် ဝန်းရံ၊ ကာကွယ်ခဲ့ကြသည်။ ၎င်းတို့အနက် ရှစ်ဖွဲ့သည် ခွဲခြား၍ သုံးစွဲသည့် လုပ်ထုံးလုပ်နည်း ၂ ခုကို အသုံးပြုနေသည်။ ဥပမာ - ငွေစာရင်းသီးသန့်ထားခြင်းနှင့် ဘဏ်စာရင်း ခွဲခြားထားခြင်းတို့ ဖြစ်သည်။

ယင်းအရပ်ဘက်အဖွဲ့အစည်းများအနက် သုံးပုံတစ်ပုံသည် စီမံကိန်းရန်ပုံငွေနှင့် စီမံကိန်းနှင့် မသက်ဆိုင်သည့် ရန်ပုံငွေအကြား ကွဲပြားကွာဟချက်ကို သတ်မှတ်ထားခြင်း မရှိပေ။ ဤသည်မှာ ကွင်းဆင်းလေ့လာသူများမှ နောက်ဆက်တွဲ လေ့လာရန်လိုအပ်မည်ဟု အကြံဉာဏ်ပေးထားသော အရာတစ်ခု ဖြစ်သည်။ (စာပိုဒ် ၃.၆ င တွင်လည်း ရည်ညွှန်းထားသည်။)

၃.၅။ အရပ်ဘက်အဖွဲ့အစည်းများတွင် အခြားအကန့်အသတ်မရှိသော ဝင်ငွေများ ရှိပါသလား။

အရပ်ဘက်အဖွဲ့အစည်းစုစုပေါင်း တစ်ဆယ့်ခုနစ်ဖွဲ့အနက် ၄၇ ရာခိုင်နှုန်းသည် သွယ်ဝိုက် ကုန်ကျစရိတ်များ လက်ခံရရှိခြင်းသည် ၎င်းတို့၏ တစ်ခုတည်းသော အကန့်အသတ်မရှိသည့် ဝင်ငွေအရင်းအမြစ် ဖြစ်ကြောင်း အစီရင်ခံကြသည်။ အရပ်ဘက်အဖွဲ့အစည်း ၁၂ ခုတွင်မူ အခြား သွယ်ဝိုက် ကုန်ကျစရိတ်ရရှိရာလမ်းကြောင်းများ ရှိသည်။ အရပ်ဘက်အဖွဲ့အစည်း ၇ ခုက သူတို့တွင် အခြားလမ်းကြောင်း ၂ ခု ထက်မနည်း ရှိသည်ဟု ပြောသည်။ အကန့်အသတ်မရှိသော ဝင်ငွေ ဝင်ရာလမ်းကြောင်း တစ်ခုထက်မနည်း ရှိသည်ဟု ပြောသော ထိုအဖွဲ့အစည်းများအတွက် ပင်လျှင် သွယ်ဝိုက်ကုန်ကျစရိတ်များသည် ယခုအချိန်ထိ ၎င်းတို့၏ အဓိက ဝင်ငွေအရင်းအမြစ် ဖြစ်ကြောင်း အစီရင်ခံကြသည်။

စိတ်ဝင်စားစရာကောင်းသော တွေ့ရှိချက်မှာ အဖွဲ့အစည်း၊ စီမံကိန်းများ အဓွန့်ရှည် တည်တံ့ရေးအတွက် ဝန်ထမ်းများမှ ထည့်ဝင်လှူဒါန်းငွေဖြင့် အသက်ဆက်ရသော အဖွဲ့အစည်း အရေအတွက် နည်းပါးနေခြင်းပင်။ ၂၀၁၇ ခုနှစ် ပြည်နယ်နှင့် တိုင်းအဆင့်ရှိ အရပ်ဘက်အဖွဲ့ အစည်းများအား လေ့လာမှုစာတမ်းအရ အကန့်အသတ်မရှိသော ဝင်ငွေ၏ သုံးပုံနှစ်ပုံသည် ဝန်ထမ်းများ၏ ထည့်ဝင်လှူဒါန်းငွေမှ လာခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဤသို့တွေ့ရှိချက် နှစ်ခု ကွဲပြားရခြင်းသည် ယခုမြို့နယ်အဆင့် အသေးစားရန်ပုံငွေ၏ အလွန်ပြောင်းလွယ်၊ ပြင်လွယ်သော ရန်ပုံငွေပေးပုံကြောင့်လား၊ သို့တည်းမဟုတ် မြို့နယ်အဆင့် အရပ်ဘက် အဖွဲ့အစည်းများအတွက် ပုံသေစရိတ်ထားခြင်းအား လျှော့ပေါ့ပေးခြင်းကြောင့်ပေလား ဆိုသည်ကိုမူကား မေးခွန်းထုတ်စရာ အလွန်ကောင်းသော အချက်တစ်ချက်ဖြစ်သည်။

သွားလာစရိတ်) သည် ပထမအကြိမ် ရန်ပုံငွေ တောင်းခံမှုတွင် ဘတ်ဂျက်အတွင်း ထည့်သွင်းထားလေ့မရှိသောစရိတ်ဖြစ်သည်။ အကြောင်းမှာ အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် ရန်ပုံငွေ ရလာလျှင် တက်ရောက်ရမည့် အစည်းအဝေးများကို လျော့ပေါ့ တွက်ချက်ထားခြင်းကြောင့် ဖြစ်သည်။

၃.၆ င - အဖွဲ့အစည်းအသစ်များအတွက်မူ သွယ်ဝိုက်ကုန်ကျစရိတ်များကို အများဆုံးသုံးသည့် အပိုင်းမှာ "ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲထားခြင်းမရှိသော စီမံကိန်းကုန်ကျစရိတ်များ" တွင် ဖြစ်သည်။ ဤတွင် ဖြစ်နိုင်သည့် ဖြေရှင်းချက် အမျိုးမျိုး ရှိသည်။

အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့အလုပ်လုပ်ကိုင်သည့် ရပ်ရွာလူထု အသိုင်းအဝိုင်းထဲတွင် အခွင့်အလမ်းသစ်များကို ရှာဖွေပြီး ယင်းသွယ်ဝိုက်ကုန်ကျစရိတ်များဖြင့် ထိုတိုးချဲ့လာသော စီမံချက်အသစ်များတွင် သုံးစွဲရန် ဆုံးဖြတ်လိုက်သည်။

အရပ်ဘက်အဖွဲ့အစည်းအများစုအတွက် ယခုကဲ့သို့ စီမံငွေရရှိခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး စီမံကိန်းအတွက် ဘတ်ဂျတ်ဆွဲခြင်းသည်လည်း ပထမဆုံးပင်ဖြစ်သည်။ အကျိုးဆက်အားဖြင့် မလိုအပ်သည် ဟုထင်၍ ဖြုတ်ထားမိခြင်း၊ အချို့လုပ်ငန်းများအတွက်ငွေကြေးတွက်ချက်မှုနည်းပါးသွားခြင်းများ ဖြစ်သွားနိုင်သည်။

ရန်ပုံငွေ ကိုင်တွယ်သည့် အကျိုးဆောင်(ငွေကြေးထောက်ပံ့သူများ)အတွက်လည်း ထိုကဲ့သို့ ရန်ပုံငွေ အမျိုးအစားအား ပထမဆုံးအကြိမ် အထောက်အပံ့ပေးခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် အရပ်ဘက် အဖွဲ့အစည်းများသို့ ပေးထားသော ရသုံးခန့်မှန်းငွေစာရင်းဖြည့်ရန်ပုံစံတွင် အကန့်အသတ်များ၊လိုအပ်ချက်များ ရှိနိုင်သည်။

အရပ်ဘက်အဖွဲ့အစည်းများကို သွယ်ဝိုက်ကုန်ကျစရိတ်များအား မျှော်လင့်မထားသော သို့မဟုတ် ရသုံးခန့်မှန်း ငွေစာရင်းတွင် ထည့်သွင်းမထားသော စီမံကိန်းစရိတ်များအတွက် အသုံးပြုရန် ကွင်းဆင်းအဖွဲ့များမှ အကြံပေး၊ တိုက်တွန်းထားသည်။ (၃.၆ ဇ တွင်လည်း ရည်ညွှန်းထားသည်။)

ယခုအချိန်တွင် ဒုတိယအကြိမ် ငွေကြေးထောက်ပံ့မှုရှိသူများနှင့် ရသုံးခန့်မှန်းငွေ လျှောက်လွှာပုံစံကို အချိန်မီ ပြန်လည်ဆန်းစစ်သင့်သည်။ အထူးသဖြင့် ခရီးသွားလာစရိတ်၊ လောင်စာ စရိတ်၊ ရုံးငှားရမ်းခနှင့် လျှပ်စစ်အခွန်အခများအတွက် ထိုလျှောက်လွှာထဲတွင် ပါ၊ မပါ ပြန်လည် ဆန်းစစ်ရန်လိုသည်။

၃.၆ ဆ - သတင်းအချက်အလက်ပေးသူများအနက် တစ်ဝက်ခန့်က ၎င်းတို့၏ သွယ်ဝိုက်ကုန်ကျစရိတ်များကို အလျင်စလို သုံးစွဲရန် လိုအပ်ချက်များအပေါ် အခြေခံ၍ စီမံလျာထားလေ့ရှိသည်ဟု ပြောသည်။ အဖွဲ့များတွင် ရည်မှန်းချက်အသစ်များ ရှိလာခြင်း၊ မရေရာသော ငွေကြေးအထောက်အပံ့နှင့် အကန့်အသတ်မရှိသော ဘဏ္ဍာငွေများ နည်းပါးခြင်းကြောင့် ယင်းသို့သုံးစွဲရန် စီမံလျာထားခြင်းသည် ကျိုးကြောင်းဆီလျော်သည်။ အဖွဲ့အစည်း ရပ်တည်နိုင်မှုအတွက် ရေတိုစီမံကိန်းသည်သာ ဦးစားပေး ဖြစ်သည်။

မည်သို့ပင်ဆိုစေ၊ သွယ်ဝိုက်ကုန်ကျစရိတ်များသည် မည်မျှပမာဏ သေးငယ်စေကာမူ ဤမြို့နယ်အဆင့် အဖွဲ့အစည်းများ၏ စီမံကိန်းအတွက် ပြင်ဆင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှုနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု စသည့် စွမ်းဆောင်ရည်များ တည်ဆောက်ရာတွင် အမှန်တကယ်ပင် အထောက်အကူပြုနိုင်မည့် အလားအလာ ရှိသည်ကို တွေ့ရသည်။ ဒုတိယအကြော့ ရန်ပုံငွေပေးရာတွင် သင့်တင့်သည့် ရည်ရွယ်ချက်မှာ သွယ်ဝိုက် ကုန်ကျစရိတ်များကို ဗျန်ကျ/အစီအစဉ်မရှိ စီမံခန့်ခွဲခြင်းထက် စဉ်းစဉ်းစားစားဖြင့် စီစဉ်လျာထား အသုံးပြု သည့် ချဉ်းကပ်မှုမျိုးသို့ ဦးတည် ဆောင်ရွက်သင့်သည်။

စီမံကိန်းရန်ပုံငွေများအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် ဤကဲ့သို့သော စွမ်းဆောင်ရည် များကို ပျိုးထောင်နိုင်သော အလားအလာမှာ ကန့်သတ်မှုရှိပေသည်။ ဘတ်ဂျက်ရေးဆွဲခြင်း နှင့် အစီအစဉ် များ ရေးဆွဲခြင်းသည် စာချုပ်မချုပ်ဆိုမီကပင် ရန်ပုံငွေပေးသူများနှင့် သေသေချာချာ ဆွေးနွေးတိုင်ပင် ရေးဆွဲလေ့ရှိသည်။ အကောင်အထည်ဖော်သည့် အချိန်တွင်မူ စာချုပ်ပါအတိုင်းသာ လုပ်ဆောင်ရသည်။ ဆုံးဖြတ်ချက်အချို့ကိုတော့ လိုအပ်သည်။ စီမံကိန်းရန်ပုံငွေများသည် အရပ်ဘက်အဖွဲ့အစည်းများအား ၎င်းတို့၏ စီမံခန့်ခွဲရေး စွမ်းဆောင်ရည်များထက် အုပ်ချုပ်ရေး စွမ်းဆောင်ရည်များကို ပိုမို စွမ်းဆောင် လာနိုင်စေသည်။

၃.၆ ၉ - သတင်းအချက်အလက်ပေးသူ တစ်ဝက်လောက်မှ အလှူရှင်များသည် သွယ်ဝိုက်ကုန်ကျစရိတ်များအား မည်သို့အသုံးပြုရမည်ကို ပြောသည်ဟု ဆိုသည်။ ယင်းကို ကွင်းဆင်းအဖွဲ့များမှ ဆက်လက်ဆန်းစစ်ရန် လိုသည်။

- သူတို့ကိုယ်တိုင်နှင့် သူတို့၏ အေဂျင်စီများသည် ထိုသွယ်ဝိုက် ကုန်ကျစရိတ်များ၏ အကန့်အသတ်မရှိသော သဘောတရားကို နားလည်ပါသလား။
- အလှူရှင် (အသေးစားချေးငွေ ပေးသူများ)မှ သွယ်ဝိုက်ကုန်ကျစရိတ်များ၏ သဘောတရားကို ပြည့်ပြည့်စုံစုံ ပြောပြထားပါသလား။
- ကွင်းဆင်းအဖွဲ့များအနေဖြင့် ယင်းသွယ်ဝိုက်ကုန်ကျစရိတ်များကို ရန်ပုံငွေလျှောက်ထားသည့် အဖွဲ့အစည်းများ အစီအစဉ်ရေးဆွဲခြင်း၊ စာချုပ်ချုပ်ခြင်း၊ သို့မဟုတ် ငွေပေးချေခြင်းစနစ်များ[၁၃]အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော အရန်ငွေအဖြစ် နားလည်ထားသလား။
- ထိုဝန်ထမ်းများသည် သွယ်ဝိုက်ကုန်ကျစရိတ်များကို သူတို့ထောက်ပံ့နေသော စီမံကိန်းအတွက် အပိုဝင်ငွေ အဖြစ် မြင်သလား။
- ထိုကဲ့သို့သော ရှင်းလင်းအကြံပေးချက်မျိုးကို ကွင်းဆင်းဝန်ထမ်းများမှ ယင်းတို့ ကွင်းဆင်းချိန်အတွင်း တွဲဖက်ဖေးမခြင်း၊ ချောချောမွေ့မွေ့ဖြစ်အောင် ဆောင်ရွက်ပေးခြင်း၊ အကြံပြုခြင်း သို့မဟုတ် ညွှန်ကြားခြင်း စသည်တို့ လုပ်ဆောင်နေစဉ်အတွင်း ပြောသွားခြင်းမျိုးလား။

အကယ်၍ ငွေကြေးအထောက်အပံ့ပေးသူများမှ သွယ်ဝိုက် ကုန်ကျစရိတ်များ၏ ထပ်တိုးတန်ဖိုးကို အလေးမထားလျှင် ၎င်းတို့သည် အရပ်ဘက်အဖွဲ့အစည်းများ အမှီအခိုကင်းရေးနှင့် လွတ်လပ်စွာ စွမ်းဆောင်နိုင်ရေး တို့ကို ထောက်ပံ့နိုင်မည့် အခွင့်အရေးများအား ဆုံးရှုံးရလိမ့်မည် ဖြစ်သည်။ ထို့အတူ ယင်းတို့ အနေဖြင့် အလွန် အရေးပါသည့် စွမ်းဆောင်ရည် မြှင့်တင်နိုင်မည့် နည်းလမ်းတစ်ခုကို လျှော့တွက်ရာ ရောက်သွားလိမ့်မည် ဖြစ်ပါသည်။

၁၃။ ၂၀၁၇ ခုနှစ်တွင် မေးမြန်းခဲ့သော အရပ်ဘက် အဖွဲ့အစည်းများမှ သွယ်ဝိုက် ကုန်ကျစရိတ်များကို- စီစဉ်ထားခြင်း မရှိသော အလှူရှင်များနှင့် အစည်းအဝေး၊ အလှူရှင်များ လာရောက် လည်ပတ်လျှင် ထပ်လောင်း ကုန်ကျသည့် ကုန်ကျစရိတ်၊ လစာငွေများ၊ အလှူငွေ ရောက်ရှိမှု နောက်ကျလျှင် အသုံးပြုရန် လျာထားသော ပေါင်းကူး အလှူငွေများနှင့် အစီရင်ခံစာများအား မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်း အစရှိသည်တို့တွင် သုံးရန် အလှူရှင်များမှ ဥပမာများ ပေးခဲ့ကြကြောင်း ပြောကြားခဲ့သည်။

